# သခင်တင်မြနဲ့မောင်စူးစမ်းတို့ကို 'နအဖ' ပေးထားတဲ့တာဝန်

(၁) သခင်တင်မြက အတိတ်ဘာသာရပ်ကိုရေးဖို့၊ မောင်စူးစမ်းက ပစ္စုပ္ပန်နဲ့အနာဂတ်ကို ကိုင်ဖို့ဖြစ်သည်။

နအဖ ရဲ့ ရည်ရွယ်ချက်က -

- အတိတ်အကြောင်းရေးသူရဲ့တာဝန်က လွတ်လပ်ရေးတိုက်ပွဲခေတ်၊ လွတ်လပ်ရေးရစခေတ်က ရှိခဲ့တဲ့ နိုင်ငံရေးပါတီတွေနဲ့ ခေါင်းဆောင်တွေဟာ မရင့်ကျက်တဲ့ ဂိုဏ်းဂဏစိတ်ပြင်းတဲ့ ခေါင်းဆောင်တွေချည်းပဲ ဖြစ်တယ်ဆိုတဲ့ပုံမျိုးပေါ်အောင်ရေးဖို့ ဖြစ်သည်။ ဒါကြောင့်ပဲ သခင်တင်မြက ကွန်မြူနစ်ခေါင်းဆောင်တွေ အကြောင်းကစပြီး ကိုင်သည်။ အခုတော့ ဦးကျော်ငြိမ်း၊ ဗိုလ်မောင်မောင်အကြောင်း ရေးနေသည်။ မပြီးသေးပါ။ NLD ကို တိုက်ခိုက်ထိုးနက်တာတော့ မလုပ်ပါ။ NLD က နအဖ နဲ့ ခေတ်ပြိုင်ဖြစ်သည်။ ဒါကြောင့် ရှောင်ပါသည်။
- ပစ္စုပ္ပန်နဲ့အနာဂတ်အကြောင်းကို ရေးသူရဲ့တာဝန်က NLD ကို တိုက်ခိုက်ဖို့ ဖြစ်သည်။ မောင်စူးစမ်း စရေးကတည်းက NLD ခေါင်းဆောင်မှုကို သွယ်ဝိုက်ပြီး ပညာပေးနေတာ ဖြစ်သည်။ အခုတော့ ပြောင်ပဲတိုက်ခိုက်လာပြီ။ အရေးအသားကလည်း ပြင်းလာသည်။ ရိုင်းလာသည်။ ၂၀၁၀ ရွေးကောက်ပွဲ မဝင်ရင်ဘဲ NLD ပျက်တော့မလို ရေးလာသည်။

(၂) သခင်တင်မြ ကိုင်ရတဲ့ဘာသာရပ်က လူအိုတွေပဲ စိတ်ဝင်စားကြ၊ တုံ့ပြန်ကြတဲ့ ဘာသာရပ်ဖြစ်လို့ အသက် (၈၀) ကျော် (၉၀) တန်းတွေကပဲ တုံ့ပြန်တာ တွေ့ရသည်။ တချို့ရဲရင့်တဲ့၊ အမှန်ကိုသိချင်တဲ့ သမိုင်းသုတေသီ လူရွယ်၊ လူငယ်တချို့က သခင်တင်မြရေးတိုင်း မယုံကြ၊ ဝေဖန်စိစစ်ကြတာ ရှိသည်။ နအဖ ငြိုငြင်သွားမှာကိုလည်း စိုးရိမ်ကြသည်။ ဒါကြောင့် သတိနဲ့တုံ့ပြန်တာ တွေ့ရသည်။

ဒီအတိုင်းလည်း ဖြစ်သင့်ပါသည်။ အတိတ်အကြောင်းငြင်းရင်း တုတ်ထမ်းဓားထမ်း မဖြစ်သင့်ပါ။ ဒါကြောင့်ပဲ ဗကပ က မတုံ့ပြန်ဘဲနေတာ ဖြစ်သည်။ တခါတလေမှပဲ ခင်ဗျား ဗိုလ်မောင်မောင်ရဲ့ '၁၉၄၇ ဒိုင်ယာရီ' ဖတ်ဖူးသလား။ တပ်မတော်မော်ကွန်းတိုက်မှာ ရှိတယ်၊ အမေရိကန်သုတေသီရေးတဲ့ စာအုပ်မှာ ပါတယ်လို့ လက်ထောက်ချသည်။ ပြည်တွင်းစစ်အစ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းအိမ် ကြိတ်ဝိုင်းကဆိုတာကို သက်သေသာဓက ရလိမ့်မည်ဟု ပြောပြသည်။ ဦးကျော်ငြိမ်း မသေမီရေးခဲ့တဲ့ စာတမ်းဖြစ်လို့ 'ဦးကျော်ငြိမ်း သေတမ်းစာ' လို့ (ဗကပ) က နာမည်ပေးထားတဲ့ စာတမ်းက သူ့သားသမီးတွေလက်ထဲမှာ ရှိသည်။ ဗကပ ကတော့ ရထားသည်။ သို့သော် သူသေမှ ထုတ်ဝေပါလို့မှာပြီး သူ့သားသမီးတွေရဲ့ လက်ထဲထားခဲ့တဲ့ စာတမ်းကို သူ့သားသမီးတွေကပဲ ထုတ်ဝေပိုင်ခွင့်ရှိလို့ ဗကပ က စည်းစောင့်ပါသည်။ အပိုဒ်လိုက်၊ ဝါကျလိုက် ကိုးကားတာတောင် မလုပ်ပါ။ သတိထားရှောင်ရှားပါသည်။ သခင်တင်မြရေးတဲ့ 'ဦးကျော်ငြိမ်းနောင်တ' "အမှားသံသရာမလည်စေလိုသူ" မဟုတ်ပါ။ ဒီလောက်ပဲ 'ဗကပ' က ပြောပါသည်။

'သခင်တင်မြ' ကို တောင်းဆိုလိုတာတော့ ရှိသည်။ 'ဗိုလ်နေဝင်းရဲ့အကြောင်း' လည်း ရေးစေချင်သည်။ ဗိုလ်လေးမောင် (ဦးလေးမောင်) (ကွယ်လွန်) ရဲ့အကြောင်း နည်းနည်းတို့ထိထားတာ တွေ့သည်။ ၁၉၈၀ ပီကင်း 'စကားပြောပွဲ' တုန်းက သူ့ကို ဗိုလ်နေဝင်းနဲ့အတူ တွေ့ခဲ့ဖူးသည်။ သူ့ဇာတိကစပြီး သူ့အကြောင်း မိတ်ဆက်ပေးဖူးပါသည်။ ဗကပ တောင်းဆိုလိုတာက တပ်မတော်မော်ကွန်းတိုက်မှာ ပီကင်းစကားပြောပွဲ 'တိပ်ခွေ' ရှိပါလိမ့်မည်။ ဗကပ ကတော့ ထုံးစံအတိုင်း (၁၉၉၀) တုန်းက ဖျက်ဆီးပစ်လိုက်ပါပြီ။ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ မော်ကွန်းတိုက်မှာတော့ ရှိကောင်းရှိမှာပါ။ ဗကပ အတွက် မလိုတော့ပါ။ [အဲဒီတုန်းက စကားပြောပွဲလုပ်ဖို့ ဗိုလ်နေဝင်းကို စကားစဖော်ပေးခဲ့သူက မော်စီတုန်းပါ။ သူ့လက်ထက်မှာ မတွေ့ဖြစ်ပါဘူး။ ဟွကိုဖုန်း လက်ထက်ကျတော့လည်း မတွေ့ဖြစ်ဘူး။ တိန့်ရှောင်ဖင် လက်ထက်ကျမှ တွေ့ဖြစ်တာပါ။ ဗိုလ်နေဝင်းက အသံသွင်းစက်ကလေးကို ထုတ်ပါတယ်။ မိမိတို့က တရုတ်ပါတီဘက်က အသံသွင်းထားမှာဖြစ်ကြောင်း၊ ပြီးရင် (၂) ဘက်စလုံးကို တိပ်ခွေတခွေစီ ပေးမှာဖြစ်ကြောင်း ရှင်းပြရပါတယ်။ သူရော၊ သူ့လူတွေရော အသံဖမ်းကိရိယာ ဘယ်မှာလဲလို့ မျက်စိကစားကြပါတယ်။ သူတို့ ဘယ်မှာထားမှန်း မသိပါဘူး။ (ဒီကိစ္စပြောတာကလည်း NLD ရဲ့ ကိုယ့်ရုံးမှာပဲ ကိုယ်တွေ့မယ်၊ တခြားကို သွားမတွေ့ဘူးဆိုတဲ့ ရပ်တည်ချက် သိပ်မှန်ကန်ကြောင်း ထောက်ခံချင်လို့ပါ။)]

သခင်တင်မြက သာယာဝတီထောင်အကြောင်းရေးတော့ ဆက်ပြီးရေးမယ်လို့ ထင်ခဲ့ပါသည်။ မရေးပါ။ ဘယ်သူက တည်းဖြတ်သလဲတော့ မသိပါ။ ကိုယ့်ဘာသာကိုယ် တည်းဖြတ်လိုက်တာ ဖြစ်ပုံရသည်။ ဗကပ အကြောင်းဘက်ကို လှည့်လာသည်။ 'တောင်တွင်းအောင်သင်း' ရဲ့တောင်းဆိုချက်ကြောင့်လား မသိပါ။ ကိုဗဟိန်းအကြောင်း ရေးလာသည်။ ဒီပုံနဲ့ဆိုရင် တော်တော်နဲ့ပြီးမည် မထင်ပါ။ ခေါင်းစီးကြီးနဲ့ တခြားစီဖြစ်တော့မည် ထင်သည်။ ခေါင်းစီးကြီး ပြောင်းသင့်ပါပြီ။ မပြောင်းချင်ရင်လည်း ဦးကျော်ငြိမ်းအကြောင်း၊ ဗိုလ်မောင်မောင်အကြောင်း ဆက်ပြီးရေးပါ။ ရေးစရာတွေ ရှိပါသည်။ ဗိုလ်မောင်မောင် အမေရိကားရောက်သွားပုံ၊ ဗိုလ်အောင်ကြီး အမေရိကားလိုက်သွားပုံ (ဗိုလ်ခင်ညွန့်က ခွင့်ပြုပြီး ဗိုလ်နေဝင်းရဲ့အတွက်သွားတာ) နောက်ကွယ်လွန်သည်အထိ ရေးစရာ ကျန်ပါသေးသည်။ ဦးကျော်ငြိမ်းအကြောင်းကလည်း ဒီလိုနဲ့ပဲ ပြီးတော့မှာလား သိချင်သည်။ ခုနှစ်တွေ၊ သက္ကရာဇ်တွေတော့ မှန်စေချင်သည်။ ဒါပါပဲ။

(၃) မောင်စူးစမ်းအကြောင်း ရေးပါဦးမည်။ ဗိုလ်ခင်ညွန့် 'ပြဟ္မာ့ပြည်မှာ တဝင်းဝင်း' ဖြစ်နေတုန်းက စစ်တက္ကသိုလ်မှာ ပြင်ပမှ ဟောပြောပို့ချသူများအဖြစ် (ဖူကူယာမာ၊ တော့ဖလာ၊ ဟန်တင်တန် စသူစသူများရဲ့ စာအုပ်တွေ အတွေးအခေါ်တွေကို မိတ်ဆက်ပေးတဲ့ စာအုပ်တွေ ထုတ်နေသူများကို) သုံးဖို့ စီမံကိန်းချဖူးသည်။ ဟောပြောပို့ချသူများကိုလည်း စိုစိုပိုပို ငွေပေးဖို့ ဖြစ်သည်။ သခင်တင်မြတို့ကိုတော့ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရေးကြဖို့ စီမံဖူးသည်။ သို့သော် ဗိုလ်ခင်ညွန့် အရာကျသွားသည်။ ဗိုလ်သန်းရွှေက အဲဒီလိုဟာမျိုး ကွေ့ဝိုက်နေတာမျိုးကို မကြိုက်။ တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်ချင်သည်။ ဒါကြောင့်ပဲ ဒီပဲယင်း လုပ်သည်။ NLD ကို မသေမရှင် လုပ်ထားသည်။ သခင်တင်မြ၊ မောင်စူးစမ်းတို့ကို ပုံစံတမျိုးနဲ့ သုံးသည်။

မောင်စူးစမ်းက NLD မှာ အကောင်ကြီးကြီး ဖြစ်ခဲ့ဖူးသည်။ ဒါကြောင့်ပဲ သူက ပစ္စုပ္ပန်ကို ကိုင်ရသည်။ NLD လက်ရှိ ခေါင်းဆောင်တွေကို 'ရှုးသွပ်သူ' 'နိုင်ငံရေးစျေးဆစ်နိုင်တဲ့ပါဝါ' မရှိဘဲ စျေးဆစ်နေသူတွေ စသဖြင့် ထိုးနက်လာနေပြီ။ 'ရွှေဂုံတိုင် ရပ်တည်ချက်' ကို ပြောင်တိုက်နေပြီ။ DASSK ကိုလည်း satesman ဆိုတာ ဘယ်လိုဘယ်ညာဆိုပြီး သွယ်ဝိုက်တိုက်ခိုက်တာ လုပ်သည်။ ဒုဥက္ကဋ္ဌဦးတင်ဦး မပါရင် CEC နဲ့ မတွေ့လို့ ငြင်းလိုက်တော့ DASSK ကို ပြောင်တိုက်ခိုက်တော့မည် ထင်သည်။

မောင်စူးစမ်း နောက်မှာတော့ လူရွယ်လူငယ်တချို့ ဝေလေလေလုပ်နေတာ ရှိသည်။ သူတို့က နောက် နှစ် ၂၀ မက နေရဦးမှာဖြစ်လို့ မောင်စူးစမ်းထက် ပိုပြီးအရေးကြမ်းသည်။ စင်တော်အကောက်ခံချင်ကြမှန်း ထင်ရှားသည်။ စင်တော်ကောက် ဆိုတာက ကြီးကြီးမားမားနေရာကို ပြောတာမဟုတ်ပါ။ အဲဒီမှာက လူပြည့်ပြီး အဝေမတည့် ဖြစ်နေသည်။ မောင်စူးစမ်းလို ပင်တိုင်ဆောင်းပါးရှင် လောက်ပဲ မှန်းကြပုံရသည်။ နိုင်ငံရေးဘာသာရပ် ရေးခွင့်ရတဲ့ ဂျာနယ်မဂ္ဂဇင်းတချို့ ပေါ်နေပြီ။ ၂၀၁၀ ကုန်ရင် ပိုများလာလိမ့်မည်။

မောင်စူးစမ်းက အဲဒီလောက် မမျှော်မှန်း။ ကြမ်းကြားလေကြား ကြားရသည့်သတင်းတခုအရ အမေရိကားသို့ တခါက်တခါ သားသမီးမြေးနဲ့တွေ့ဖို့ သွားချင်တာ တနေရာမှာ ထစ်နေသည်ဟု ဆိုသည်။ ထီဆုကြီးပေါက်ရင် စာမရေးတော့ဘူးလို့တော့ သူကိုယ်တိုင်ပြောသည်။ တခြားဆောင်းပါးတွေတော့ မရေးဘဲ နေချင်နေနိုင်ပေမယ့် နအဖ သန်းရွှေ ပေးတဲ့တာဝန်ကိုတော့ မသေမချင်း ရေးနေရဦးမည်ဟု ဗကပ က အတတ်ဟောလိုက်ပါသည်။

ရွေးကောက်ပွဲနီးလေ ပိုပြီးအရေးကြမ်းလေ ဖြစ်လာမှာပါ။ ၂၀၁၀ လွန်ရင်တော့ မရေးဘဲ နေကောင်းနေနိုင်ပါလိမ့်မည်။ ဒါတောင် သိပ်မသေချာပါ။ ဘာကြောင့်လဲဆိုတော့ ရွေးကောက်ပွဲပြီးရင်လည်း စစ်အုပ်စုကသုံးဖို့ လိုနေဦးမည်ဟု ထင်လို့ပဲ ဖြစ်သည်။ သေမှပဲ အရေးရပ်ရလိမ့်မည်ဟု ထင်နေပါသည်။

၉ - ၁၁ - ၂၀၀၉